## မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာကင်တားနာမှ ကုလသမဂ္ဂ လူ့အခွင့် အရေးကောင်စီ ညီလာခံကို တင်သွင်းတဲ့အစီရင်ခံစာနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံရှေ့နေများကောင်စီ အထွေထွေ အတွင်းရေးမှူး ဦးအောင်ထူးကို အာအက်ဖ်အေမှ ကိုကျော်ကျော်အောင် က ဆက်သွယ်မေးမြန်းချက်

(၁၂၊ ၃၊ ၂၀၁၀)

**မေး** – မြန်မာနိုင်ငံလူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာကင်တားနား ဂျီနီဗာမြို့က လူ့အခွင့်အရေးကောင်စီကို တင်ပြတဲ့ အစီရင်ခံစာထဲမှာ အဓိက ထူးခြားချက်အနေနဲ့ ဘယ်လိုအချက်တွေများ တွေ့ရပါသလဲခင်ဗျ။

**ဖြေ** – မစ္စတာကင်တားနားက လူ့အခွင့်အရေးကောင်စီမှာ မတ်လ ၅ ရက်နေ့မှာ တင်သွင်းတဲ့ အစီရင်ခံစာထဲမှာ ထူးခြားတဲ့ အပိုဒ် ၂ ခုပါတယ်။ အပိုဒ် ၁၂၁ က ဘာလဲဆိုတော့ မြန်မာနိုင်ငံထဲမှာ လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ပွားနေတာဟာ အာဏာပိုင်တွေကနေပြီးတော့ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးနယ်ပယ်အသီးသီးထဲမှာ ပါဝင်ပတ်သက်ပြီးတော့ တိုင်းပြည်အနေနဲ့ကို ကျူးလွန်ဖို့ မူဝါဒချမှတ်ဆောင်ရွက်ခြင်းရဲ့ ရလဒ်ဖြစ်တယ်။ ဒီလူ့အခွင့်အရေးချိုးဖောက်မှုတွေဟာ ရောမဥပဒေထဲမှာပါရှိသည့် လူသားဖြစ်မှုကို ဆန့်ကျင်တဲ့ပြစ်မှုရယ်၊ စစ်ရာဇဝတ်မှုရယ်ဆိုတဲ့ အမျိုးအစားတွေမှာ အကျုံးဝင်နိုင်တယ်ဆိုတဲ့အချက်က တချက်ဖြစ်ပါတယ်။ အပိုဒ် ၁၂၂ ထဲမှာ ဘာဆိုထားလဲဆိုတော့ ဒီလိုအခြေအနေ တည်ရှိခြင်းဟာ မြန်မာနိုင်ငံအစိုးရအနေနဲ့ အဲဒီဖြစ်ရပ်တွေကို လျင်မြန်ထိရောက်စွာ စုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်ဖို့ တာဝန်ရှိတယ်။ ဒါပေမဲ့လို တာဝန်ခံမှုကင်းမဲ့နေတဲ့ အခြေအနေတွေကို အကြောင်းပြုပြီးတော့ ကုလသမဂ္ဂ အဖွဲ့အစည်းတွေဟာ နိုင်ငံတကာပြစ်မှုဆိုင်ရာ ပြဿနာတွေကို ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်နိုင်ဖို့အတွက် အချက်အလက်ရှာဖွေစုဆောင်းနိုင်ဖို့ သီးသန့်အခွင့်အာဏာရှိမယ့် စုံစမ်းစစ်ဆေးရေးကော်မရှင်တရပ်ကို ဖွဲ့စည်းပေးနိုင်တဲ့ အလားအလာတွေကို စဉ်းစားသင့်တယ်ဆိုတာက အဓိက ထူးခြားချက်ဖြစ်ပါတယ်။

**မေး** – ဟုတ်ကဲ့၊ လူသားမဆန်တဲ့ ပြစ်မှုတွေ၊ စစ်ရာဇဝတ်မှုတွေမှာ အစိုးရကိုယ်တိုင် ပါဝင်ပတ်သက်နေတယ်ဆိုတဲ့ သူတင်ပြတဲ့ အထောက်အထားတွေရော ခိုင်လုံမှုရှိပါသလားခင်ဗျ၊

**ဖြေ** – လူသားဖြစ်မှုကို ဆန့်ကျင်တယ်ဆိုတဲ့ ပြစ်မှုလို၊ စစ်ရာဇဝတ်မှုတွေနဲ့ ပတ်သက်တဲ့ အဓိကအခြေခံအချက်ကတော့ စနစ်တကျနဲ့ နည်းလမ်းတကျ ကျူးလွန်တယ်ဆိုတာက အဓိကအချက်ဖြစ်တယ်။ အဲဒီတော့ မြန်မာနိုင်ငံထဲမှာ ဖြစ်ပွားနေတဲ့ လူသားဖြစ်မှုဆန့်ကျင်တဲ့ ပြစ်မှုကြီးတွေဟာ စနစ်တကျ ကျူးလွန်တယ်ဆိုတဲ့ အခြေအနေကဘာကိုပေါ်ပြနေလဲဆိုတော့ တရားစီရင်ရေးနဲ့ ပတ်သက်တာဖြစ်ပါတယ်။ ပြစ်မှုကြီးတွေ ဖြစ်ပွားတဲ့အခါတိုင်းမှာ အဓိကတာဝန်ရှိတာက တရားရုံးတွေဖြစ်တယ်။ တရားရုံးတွေက အနည်းဆုံး သေမှု သေခင်း စုံစမ်းစစ်ဆေးပြီးတော့ ဖော်ထုတ်ရမှာဖြစ်တယ်။ ဥပမာ ဆိုရင် ဒီပဲယင်း ဆိုကြပါဆို့ ဒီဖြစ်ရပ်ကြီးဖြစ်ပွားသွားခဲ့တယ်။ ဒါပေမဲ့လို့ စနစ်တကျ စုံစမ်းစစ်ဆေးခြင်းမရှိဘူး တရားစီရင်ရေးက နုတ်ပိတ်ရေငုံဖြစ်နေတယ်။ မစ္စတာကင်တားနား က ပြီးခဲ့တဲ့နှစ်က အစီရင်ခံစာတစောင် ထွက်ခဲ့သေးတယ်။ အဲဒီမှာ အဓိကထောက်ပြတဲ့အချက်က တရာစီရင်ရေးမဏ္ဍိုင်ဖြစ်တယ်။ တရားစီရင်ရေးဟာ ဖြစ်ပွားသွားတဲ့ ပြစ်မှုကြီးတွေနဲ့ ပတ်သက်ပြီး စနစ်တကျ အရေးယူဆောင်ရွက်ခြင်းမရှိဘူး၊ တရားစီရင်ရေးစနစ်က လွတ်လပ်မျှတတဲ့ တရားစီရင်စနစ်ဖြစ်အောင် လုပ်ဖို့လိုအပ်တယ်လို့ ထောက်ပြပြီးတော့ တရားစီရင်ရေးစနစ် ပြုပြင်ပြောင်းလဲဖို့ အကြီးအကျယ် အကြံပေးခဲ့တယ်။ ဒါပေမဲ့ အခု မတ်လ ၅ ရက်နေ့ ဒုတိယအကြိမ် အစီရင်ခံစာထွက်လာတဲ့အချိန်အထိကို တရားစီရင်ရေးနဲ့ပတ်သက်တဲ့ဟာ ဘာမှတိုးတက်လာမှုမရှိခဲ့ဘူး တရားစီရင်ရေးစနစ်က သက်ဆိုင်ရာအစိုးရရဲ့ နအဖ ရဲ့ လက်ကိုင်တုတ်အဖြစ် အသုံးချခံနေရတဲ့သဘောမျိုးကို မစ္စတာကင်တားနားက တောက်လျှောက် ထောက်ပြခဲ့တာဖြစ်တယ်။ ဒီအချက်အလက်က ဘာကိုဖော်ပြလဲဆိုတော့ လူ့အခွင့်အရေးချိုးဖောက်မှုကို စနစ်တကျ ကျူးလွန်တယ်ဆိုတဲ့နေရာမှာ တရားစီရင်ရေးဟာ ယန္တရားကြီးတရပ်အဖြစ်နဲ့ အသုံးတော်ခံနေရတယ်ဆိုတာကို တင်ပြထားပြီးဖြစ်တယ်။

**မေး –** မစ္စတာကင်တားနားရဲ့ အစီရင်ခံစာထဲမှာ စုံစမ်းစစ်ဆေးရေးကော်မရှင်တရပ်ကို ဖွဲ့ဖို့ဆိုတာ အဆိုပြုထားတာ ပေါ့လေ။ ဒီကိစ္စဟာ ဖြစ်နိုင်ခြေရှိပါသလားခင်ဗျ။ နောက်တခုက မစ္စတာကင်တားနားရဲ့ အစီရင်ခံစာဟာ ဘယ်လောက်အထိ ထိရောက်မှုရှိနိုင်ပါသလဲ။

**ဖြေ –** ကျနော်တို့ စိတ်နဲ့စဉ်းစားရမယ်ဖြစ်တယ် တကယ်တော့ ၂၀၀၇ ခုနှစ်က စတွက်မယ်ဆိုရင် ၂၀၀၇ ခုနှစ်မှာ ပထမဦးဆုံး ICRC ခေါ်တဲ့ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ချုပ်က စတင်ထောက်ပြလာတယ်။ မြန်မာနိုင်ငံထဲမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ တနည်းအားဖြင့်တော့ ဂျီနီဗာ Convention လို့ခေါ်တဲ့ နိုင်ငံတကာ လူသားခြင်းစာနာထောက်ထားတဲ့ ဥပဒေချိုးဖောက်မှုတွေကို မြန်မာနိုင်ငံထဲမှာ ဖြစ်နေပြီးလို့ ပထမဦးဆုံးထောက်ပြလာတာဖြစ်တယ်။ နောက်ပိုင်းကျတော့ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်တာဝန်ယူခဲ့တဲ့ မစ္စတာပီညဲရိုး ရှိတယ်။ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် သွားတာ ၃၅ ကြိမ်ရှိနေပြီ၊ ဘာမှမထူးခြားလာဘူး။ ကုလသမဂ္ဂ ဆုံးဖြတ်ချက်ချတာ ၃၇ ကြိမ်ရှိနေပြီ ဘာမှ ထူးခြားမလာဘူး။ ကနေ့အချိန်မှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီကနေပြီးတော့ စုံးစမ်းစစ်ဆေးဖို့ အခြေအနေရောက်လာပြီး၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီကိုယ်တိုင် စစ်ဆေးသင့်တဲ့အချိန်ရောက်လာပြီးလို့ ဆောင်းပါရေးပြီး ထောက်ပြလာတယ်။ ဒါပေမဲ့ သူထောက်ပြတဲ့အချိန်ကျတော့ သူက အခွင့်အာဏာရှိတဲ့သူ မဟုတ်တော့ဘူး။ အဲဒီနောက်ပိုင်းမှာ ဆက်တိုက်လိုလိုပဲ Amnesty International လို့ခေါ်တဲ့ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့တွေ၊ Human Rights Watch အဖွဲ့တွေ ဆက်တိုက် ထောက်ပြလာတဲ့ဟာတွေ အကုန်လုံးက နိုင်ငံတကာအဆင့်ရှိတဲ့ပြစ်မှုကြီးတွေ ကျူးလွန်တယ်ဆိုတဲ့အချက်တွေက တခုပြီးတခု ပေါ်လွင်ထင်ရှားလာတယ်။ ပြီးခဲ့တဲ့နှစ်က ဒီဇင်ဘာလ ဒုတိယအပတ်ထဲမှာ တိုင်းပြည် ၂၉ ခုက လွှတ်တော်အမတ် ၄၄၂ ယောက် လက်မှတ်ထိုးပြီးတော့ မြန်မာနိုင်ငံထဲမှာ နိုင်ငံတကာပြစ်မှုကျူးလွန်မှုတွေကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းဆောင်ရွက်သင့်တယ်ဆိုတဲ့ အစီရင်ခံသစ်တွေ ထွက်ပေါ်လာတယ်။ ဒီနောက်ပိုင်းမှာ ဆက်တိုက်ဆက်တိုက်လိုပဲ တင်ပြချက်တွေ အားကောင်းလာတဲ့အခါကျတော့ အခု တရားဝင် လက်ရှိတာဝန်ရှိနေတဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်ကိုယ်တိုင်က အစီရင်ခံချက်ထဲမှာ ထွက်ပေါ်လာတဲ့အခါမှာ ဒီအစီရင်ခံချက်ကို အခြေခံပြီးတော့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကနေပြီးတော့ လက်ခံစဉ်းစားရမယ့်အချိန်ရောက်လာပြီလို့ ကျနော်တို့ သုံးသပ်ပါတယ်။

**မေး –** နိုင်ငံတကာအဆင့်ရှိတဲ့ ပြစ်မှုတွေကို ကျူးလွန်နေတဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမှူးပြုတဲ့ မြန်မာစစ်ခေါင်းဆောင်တွေကို နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးမှာ ရုံးတင်တရားစွဲနိုင်ဖို့ ဦးအောင်ထူးတို့ မြန်မာနိုင်ငံရှေ့နေများကောင်စီ ကနေပြီးတော့၊ အမျိုးသမီးများအဖွဲ့ချုပ် မြန်မာနိုင်ငံတို့လို အဖွဲ့အစည်းတွေက ကြိုးပမ်းနေတာရှိတော့ကာ အခုလို မစ္စတာကင်တာနားရဲ့ လူ့အခွင့်အရေးကိုယ်စားလှယ်ရဲ့ အစီရင်ခံစာကြောင့်ပေ့ါခင်ဗျ ဒီကြိုးပမ်းမှုတွေအပေါ်မှာ တစုံတရာ အကျိုးသက်ရောက်မှု ရှိနိုင်မလား။

**ဖြေ –** ကျနော်တို့ကတော့ မစ္စတာကင်တားနားရဲ့ အစီရင်ခံစာထွက်လာတဲ့အခါမှာ အင်မတန် ဝမ်းမြောက်တယ်။ ဘာကြောင့် ဝမ်းမြောက်လဲဆိုတော့ ပြီးခဲ့တဲ့ မတ်လ ၂ ရက်နေ့တုန်းက နယူးယောက်မှာ ကျင်းပခဲ့တဲ့ သရုပ်ပြတရားခွင်ပေ့ါဗျာ။ နိုင်ငံတကာတရားခွင်မှာ အမျိုးသမီး ၁၂ ယောက်က လာရောက်ထွက်ဆိုပြီးတဲ့အခါကျတော့ အဲဒီတရုပ်ပြတရားခွင့်ကနေပြီးတော့ မြန်မာနိုင်ငံဖြစ်တဲ့ ပြစ်မှုတွေကို နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကနေပြီးတော့ စုံစမ်းစစ်ဆေးသင့်တဲ့အချိန် ရောက်ပြီလို့ သုံးသပ်ချက်တွေ ထွက်ပေါ်လာတယ်။ ထွက်ပေါ်လာပြီးတဲ့အခါကျတော့ အမျိုးသမီးအဖွဲ့ချုပ်က အမျိုးသမီးခေါင်းဆောင်တွေက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်းကီးမွန်းနဲ့ တွေ့တဲ့အခါကျတော့ ဒီကိစ္စကို ဆွေးနွေးတဲ့အခါမှာ မစ္စတာဘန်ကီးမွန်း ဘာကိုအကြောင်းပြန်ခဲ့လဲဆိုတော့ ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာ သောမတ်ကင်တာနားက တင်ပြမည့် အစီရင်ခံစာကို သူစောင့်နေတယ်ဆိုတဲ့သတင်းကို ကျနော်ကြားလိုက်ရတယ်။ အဲတော့ မစ္စတာ သောမတ်ကင်တားနားရဲ့ အစီရင်ခံတင်ပြချက် အခုလိုထွက်ပေါ်လာတဲ့အခါမှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ဒီအပေါ်မှာ တစုံတရာ အလေးထား စဉ်းစားလာလိမ့်မယ်။

ဒီစဉ်းစားချက်အပေါ်မှာ အခြေခံပြီးတော့မှ ကုလသမဂ္ဂလုံခြုံရေးကောင်စီထဲမှာ စတင်စဉ်းစားလာနိုင်တဲ့ အနေအထား တွေ ပေါ်လာပြီလို့ ကျနော်သုံးသပ်ပါတယ်။